# သာမန်ကာလ (၂၈)ကြိမ်မြောက် တနင်္ဂနွေနေ့

ရှင်လုကာ ၁၇း၁၁-၁၉

လူအများစုက မပျော်နိုင်ကြဘူး။ ဘယ်လိုပဲ အဆင်ပြေနေပါစေ မပျော်ဘူး။ ဘယ်တော့မှလည်း မကျေနပ်နိုင်ကြဘူး။ စားဝတ်နေရေး ပြေလည်တောင် မပျော်ဘူး။ ကျန်းမာနေလည်း မပျော်ဘူး၊ ကူညီပေးမည့် အသိုင်းအဝိုင်း ရှိထားလည်း မပျော်ပါဘူး။ အဲလိုလူတွေက ကုသခြင်း ပိုလိုအပ်တဲ့ လူတွေပါပဲ။ ရိုးရိုးဖျားနာတဲ့လူတွေထက်ကို ပိုလိုအပ်တယ်။ ဘာလို့လဲဆိုတော့ သူတို့ စိတ်ပိုင်းဆိုင်ရာ၊ ဝိညာဉ်ရေးမှာ ဖျားနာနေလို့ပါပဲ။ ဘာဖြစ်လို့ မပျော်နိုင်ကြတာလဲ၊ ဘာဖြစ်လို့ တင်းတိမ်ရောင့်ရဲမှုမရှိတာလဲဆိုတာ သိလား၊ အဲဒီလို လူတွေက ကျေးဇူးမသိတတ်တဲ့လူတွေ ဖြစ်နေပါတယ်။ ယနေ့ ဖတ်ရတဲ့ ကျမ်းစာတွေအားလုံးကလည်း ကျေးဇူးမသိတတ်ခြင်းအကြောင်း ဖော်ပြပေးနေပါတယ်။ ကျေးဇူးမသိတတ်ကြတဲ့အကြောင်းကလည်း သူတို့ဟာ မာနကြီးတယ်၊ ကိုယ့်ကိုယ်ကိုပဲ ယုံကြည်အားထားတတ်တယ်။

ယနေ့ဖတ်သွားတဲ့ ပထမကျမ်းစာမှာ စစ်ဗိုလ်ကြီး နာမန်က တော်တော်ရာထူးကြီးတယ်၊ စစ်ပွဲတွေမှာ အောင်တယ်၊ နာမည်ရတယ်။ ဒါပေမဲ့ သူထင်နေတာက သူ့ဟာသူ ကျိုးစားလို့ အောင်မြင်တာလို့ပဲ သူထင်တယ်။ တနေ့ သူ့မှာ အနူရောဂါ စလာတာကို သူမြင်လိုက်ရတဲ့အချိန်ကျမှပဲ သူ့ဟာ ခေါင်းငိုက်စိုက် ကျလာပါတော့တယ်။ အဲဒီခေတ်အခါရော၊ သခင်ယေဇူးခေတ်အခါရောတွေမှာ အနူရောဂါဟာ ကြောက်စရာအကောင်းဆုံး၊ စိတ်ပျက်စရာအကောင်းဆုံးရောဂါပါပဲ။ ကုသလို့လည်း မပျောက်ဘူး။ နောက်ပြီး လူတွေနဲ့ ဝေးရာနေရမယ်။ သိမ်ငယ်စရာကောင်းတဲ့ရောဂါပါ။ အနူရောဂါသယ်လာရင် ဝေးဝေးရှောင်ကြတယ်။ လူတစ်ယောက်လို့တောင် သဘောမထားကြတော့ဘူး။ အဲလို စိတ်ပျက်နေတုံးမှာပဲ စစ်ဗိုလ်ကြီးနာမန်ရဲ့ မိန်းမမှာ အီဇရာအဲလ်ပြည်က ဖမ်းလာတဲ့အိမ်ဖော်အစေခံမလေးက နာမန်ကို "ကျမတို့တိုင်းပြည်မှာ ဘုရားသခင်ရဲ့ပရောဖက်ရှိတယ်။ သူ့ထံသွား ပြရင် သခင်ရဲ့အနူရောဂါ ပျောက်ကင်းနိုင်မှာပါ" လို့ ပြောပြလိုက်ပါတယ်။ နာမန်မှာလည်း တစ်ခြား ရွေးစရာလမ်း မရှိပါဘူး။ ဒါကြောင့် အဲဒီအစေခံမရဲ့စကားအတိုင်း လိုက်နာပြီး အီဇရာအဲလ်ပြည်မှာရှိတဲ့ ပရောဖက် ဧလီဇေဦးထံ သွားပြရပါတယ်။

ရှင်ပေါလူးလည်း ဒီအတိုင်းပါပဲ။ အစပထမမှာတော့ ရှင်ပေါလူးက ပညာတတ်၊ ရာဘီဆိုတဲ့ ဆရာတစ်ဆူ - ဖါရီဇေဦးတစ်ယောက်ပါ။ သူ့ကိုယ်သူမှ သူ့ကိုယ်သူပဲ။ သူထင်နေတာက မိုးဇယ်မှတစ်ဆင့်ရရှိတဲ့ ပညတ်တော်တွေကိုသာ အတိအကျလိုက်ရင် ကိုယ့်ဟာကိုယ် ကယ်တင်ခြင်းရမှာပဲလို့ ထင်ခဲ့တယ်၊ အဲဒီလိုပဲ ပြင်းပြင်းထန်ထန်ကို တရားဥပဒေတွေ အတိအကျလိုက်တယ်။ ဒါ့အပြင် မလိုက်နာပဲ နေတဲ့လူတွေကိုလည်း ရက်ရက်စက်စက် ဖမ်းဆီးထောင်ချတယ်။ သူ့မာနနဲ့ သူ အထင်ကြီးပြီးနေတာ ဒါမာစကူးမြို့အဝင် မြင်းပေါ်က ကျပြီး ကောင်းကင်မှာ ယေဇူးဘုရားရှင်ကို တွေ့လိုက်ရတဲ့အချိန်အထိပေါ့။ နောက်တော့ မျက်စိကွယ်ပြီး သူများက လက်တွဲလျှောက်ရတဲ့ဘဝနဲ့ သုံးရက် ခေါင်းငိုက်စိုက် ကျရတော့တယ်။

ယနေ့ခေတ်လူတွေလည်း ကိုယ့်ပညာ၊ ကိုယ့်ပိုင်ဆိုင်မှုတွေနဲ့ မာနကြီးလာကြတာ နောက်ဆုံး အိုခြင်း၊ နာခြင်း၊ သေခြင်း ကြုံလာမှပဲ ခေါင်းငိုက်စိုက်ကြတော့တယ်။ အရင်တုံးကတော့ မြောက်ကြွားမြောက်ကြွားနဲ့ပေါ့။ ဘုရားမပါရင်၊ ကျေးဇူးတော် မပါရင် ငါတို့ ဘာဖြစ်မလဲဆိုတာ တစ်ဖြည်းဖြည်း သိလာရတယ်။

စစ်ဗိုလ်ကြီး နာမန် နဲ့ ရှင်ပေါလူးတို့ ဘဝတွေမှာလည်း ဘုရားရှေ့ ဒူးထောက်ရတဲ့အချိန်ကျမှာ မှန်တာကို မြင်လာကြပါတော့တယ်။ ဘုရားကို ဆန့်ကျင်တဲ့သူတွေ တစ်နေ့ စိတ်ပျက်စရာ ကြုံလာတဲ့အခါ၊ ကူညီမည့်သူမရှိတော့တဲ့အခါ၊ ပိုက်ဆံနဲ့ ဝယ်လို့ မရတဲ့ဟာတွေ ကြုံလာမှ ဘုရားဆီကို လှည့်ကြတော့တယ်။ အရာရာမှာ ဘုရားရဲ့ ကျေးဇူးတော်မပါရင် ဘာမျှ မအောင်မြင်နိုင်ပါလား။ ဘုရားကသာ အသက်ပေးပိုင်ရှင်ဖြစ်ပါလားလို့ ဝန်ခံလာပါတော့တယ်။ ဒါကြောင့် တခါတရံ ဘုရားက လူကို အခက်အခဲကြုံစေတယ်၊ ဒါမှ လူက လောကမှာ ကိုယ့်နေရာကိုယ်သိမှာပါ။ ဒီလို သိတတ်လာမှပဲ ကုသခြင်း ခံစားရနိုင်မှာပါ။

ကျေးဇူးသိတတ်တဲ့လူတွေက ကောင်းကြီးမင်္ဂလာခံရတယ်။ ဘုရားကသာ အသက်သခင်လို့ သိမြင်နိုင်တယ်။ ကျေးဇူးသိတတ်သူတွေဟာ တင်းတိမ်ရောင့်ရဲတတ်တယ်။ သူတို့ရှိတာကိုပဲ အာရုံစိုက်တယ်။ သူတစ်ပါးမှာ ရှိတာကို အာရုံမစိုက်ဘူး၊ ဒါကြောင့် မနာလိုစိတ်မရှိဘူး။ ရှိတာလေးနဲ့ အားရကျေနပ်တယ်။ လောဘကြီးပြီး ထပ်တောင်းဖို့ မဝံ့မရဲ ရှိတယ်။ အမြဲ ကျေးဇူးတင်တယ်၊ ချီးမွမ်းတယ်၊ ပျော်တယ်။ သူတို့ ဘာပဲရရ သူတို့မထိုက်တန်ပဲ အပိုရတာလို့ပဲ ခံယူတယ်။ ဒါအပြင် အကူအညီလိုအပ်သူတွေကိုလည်း သူတို့က ဝေမျှပေးတတ်တယ်၊ ရက်ရောတတ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်ချိန်က သူတို့ကိုယ်တိုင် ဆင်းရဲခဲ့လို့ အကူအညီကို မျှော်ခဲ့ရလို့ ကိုယ်ချင်းစာတတ်ကြတယ်။

စစ်ဗိုလ်ကြီး နာမန်လည်း သူ့ကို ကုပေးတာ ပရောဖက်ကြီး ထင်လို့ ပရောဖက်ကြီးကို လက်ဆောင်တွေ ပေးမယ်အလုပ်မှာ ပရောဖက်ကြီးက လက်မခံပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တကယ်ကုသပေးတဲ့အရှင်က ဘုရားရှင် ဖြစ်လို့ပါပဲ။ ဘာသာပဖြစ်တဲ့ နာမန်က သူတို့အယူအဆအတိုင်း ဒီမြေဒီရေ၊ ဒီဒေသမှာ ကိုးကွယ်တဲ့ဘုရားကို ငါကိုးကွယ်မယ်ဆိုတဲ့အယူအဆအတိုင်း ပရောဖက်ကြီးနေတဲ့နေရာက မြေကြီးကို သူတို့ ဘာသာပတိုင်းပြည် သယ်သွားပြီး အိမ်ထဲမှာ အဲဒီမြေကြီးခင်းပြီး အဲဒီမြေပေါ်မှာပဲ ထာဝရဘုရားကို ကိုးကွယ်ပါတော့တယ်။ အခုတော့ သူနားလည်သွားပြီ ငါ့ကို အောင်မြင်စေတာက ထာဝရဘုရားပဲ၊ ငါ့ကို အသက်ရှင်နေစေတာက ထာဝရဘုရားပဲ၊ ကောင်းကြီးမင်္ဂလာရဲ့ပင်ရင်းဟာ ဘုရားပဲ ဆိုတာသိလာပြီး ကျေးဇူးတင်တတ်ပါပြီ။

ယနေ့ ဘုန်းကြီးဖတ်သွားတဲ့ ရှင်လုကာ ၁၇ မှာ အနူရောဂါသည် ၁၀ ယောက်က ယေဇူးဘုရားကို "ကျွန်ုပ်တို့ကို သနားတော်မူပါ" လို့ တောင်းလျှောက်ပါတယ်။ ဆိုလိုတာကတော့ သူတို့အတွက် တစ်ခုခု လုပ်ပေးပါလို့ တောင်းဆိုတာပါ။ ဒါနဲ့ ယေဇူးဘုရားရှင်က သူတို့ကို ရဟန်းတွေဆီ သွားပြချေကြလို့ စေလွှတ်လိုက်ပါတယ်။ ဒါက ဒီလိုထုံးစံရှိတယ်။ အနူရောဂါမှ ပျောက်ကင်းတဲ့လူဟာ လူ့အသိုင်းအဝိုင်းထဲ ပြန်ဝင်နိုင်ဖို့အတွက် တကယ်ရောဂါပျောက်ကင်းကြောင်း ရဟန်းတွေကို သွားပြရတဲ့ ထုံးစံရှိပါတယ်။ ဒီအနူ ၁၀ ယောက် ပြဖို့ အသွား လမ်းမှာပဲ သူတို့ အနူရောဂါပျောက်ကင်းကြောင်း တွေ့ရပါတယ်။ အဲလို ရောဂါပျောက်ကင်းတာကို တွေ့လိုက်ရတဲ့ အနူ ၁၀ ယောက်ထဲက တစ်ယောက်ကသာ ကုသပေးတဲ့အရှင် ယေဇူးကို ကျေးဇူးလာတင်ပါတယ်။ ကျန်တဲ့ ၉ ယောက်ကတော့ သူတို့ ပျောက်ကင်းတာကိုပဲ အာရုံရောက်နေတယ်၊ လူတောထဲ ဝင်ဆန့်ဖို့အတွက် ရဟန်းတွေဆီ သွားပြဖို့ပဲ အာရုံရောက်နေတယ်။ ပြပြီးရင် အိမ်ပြန်ပြီး ပျော်မယ်ပါးမယ်ပေါ့လေ၊ ကုသပေးတဲ့အရှင်သခင်ကို မေ့သွားကြပါပြီ။ အော် . . သူတို့က ကိုယ်ကာယရဲ့အနူရောဂါသာ ကုသခြင်း ခံစားရပြီး သူတို့ ဝိညာဉ်ရေးမှာ ကုသခြင်း မခံလိုက်ရတော့ဘူးပေါ့။ ကျေးဇူးသိတတ်တဲ့ ဆာမာရီတန်တစ်ယောက်ကိုပဲ "ကိုယ်တော်က ထိုသူ့အား သင်ဇ။ ယုံကြည်ခြင်းသည် သင့်ကို ကယ်တင်လေပြီ" လို့ မိန့်တော်မူလိုက်လို့ပါပဲ။ ဒါကြောင့် ကုသခြင်း ခံရတိုင်း ကယ်တင်ခြင်းခံမယ်လို့ အသေအချာ မပြောနိုင်ဘူး။

စစ်ဗိုလ်ကြီး နာမန်က ကာယရောဝိညာဉ်ပါ ကုသခြင်း ခံရလို့ သူ့တိုင်းပြည်ပြန်ပြီး ထာဝရဘုရားကို တစ်သက်လုံးကိုးကွယ်တော့တယ်၊ ပြောင်းလဲသွားပြီ။ ရှင်ပေါလူးလည်း တစ်သက်လုံး ဘုရားအတွက် ဧဝံဂေလိ သတင်းကောင်းအတွက် အသက်ပေးပြီး ဟောပြောတော့တယ်။ "ငါသည် ဧဝံဂေလိတရားတော်အတွက် ရာဇဝတ်သားကဲ့သို့ ဒုက္ခဝေဒနာ ခံစားရ၍ သံကြိုးဖြင့် ချည်နှောင်ခြင်းခံရ၏။ သို့ရာတွင် ဘုရားသခင်၏။ နှုတ်တော်ထွက်စကားသည် ချည်နှောင်ခြင်း မခံရပေ"

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။